သခင့်စကား ၁-၂၁

# သခင့်စကား

ဝိညာဉ်ရေးရာစာစောင်

ဆုံးမ သွန်သင်ခြင်းကို သင်သည် မုန်း၍ ငါ့စကား ကို သင့်နောက်၌ ပစ်ထားပါသည်တကား။ ဆာလံ ၅၀း၁၇

အမှတ်စဉ် (၂၁) ဧပြီလ ၂၀၁၃ ခုနှစ် ဖြန့်ဝေခြင်း ( လင်ငြိ ပထမ အနုစိစွေနေ့ညိုင်း ဇနေမဲ့ ဖြန့်ချိသည် )

# နောက်ကျသော အီစတာပွဲတော်



သက္ကရာဇ် ၂၀၀၀ ခုနှစ်တုံးက ကျွန်တော် ( မူရင်းစာရေးဆရာ – ဂျယ်နရယ် ဂွန်လာဆန် ) အီစတာပွဲတော် ( ရှင်ပြန်ထမြောက်ခြင်းပွဲတော်) ကို နှစ်ခါ တိတိ တက်ရောက်ကျင်းပ ဖြစ်ခဲ့ပါတယ်။ ပထမတစ်ခါ ကိုတော့ အင်္ဂလန်မှာ ရှိတဲ့ ကယ်တင်ခြင်းတပ် ( **The Salvation Army** ) အဖွဲ့သားတွေနဲ့ အတူ မဟာသောကြာကြီး နေ့နဲ့ အီစတာနေ့ တွေမှာ ကျင်းပဖြစ်ခဲ့ပါတယ်။ အဲဒီနောက် ကျွန်တော်တို့ မော်စကို ကို ခရီးထွက်လာခဲ့ပါတယ်။

အဲဒီမှာ တစ်ခါပြန်ပြီး အီစတာပွဲကို ထပ်ကျင်းပ ဖြစ်ခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ – ရုရှားနိုင်ငံ မှာရှိတဲ့ ခရစ်ယာန် တွေဟာ အီစတာပွဲတော်ကို အရှေ့ပိုင်း အော်သိုဒေါ့ အသင်းတော်တွေရဲ့ ပြက္ခဒိန်အရ ကျင်းပလေ့ရှိတာ ကြောင့် သူတို့ရဲ့ အီစတာပွဲတော်ဟာ အဲဒီနှစ်မှာ အင်္ဂလန်က အီစတာပွဲတော် တွေထက် တစ်ပါတ်နောက်ကျပြီးမှ ကျင်းပ ဖြစ်သွားခဲ့ပါတယ်။

တစ်နှစ်ထဲမှာ အီစတာပွဲတော်ကို နှစ်ခါ ကျင်းပဖြစ်သွားတဲ့ ကျွန်တော့် အတွက်တော့ ထူးဆန်းတဲ့ အတွေ့အကြုံလေးတစ်ခု ခံစားလိုက်ရသလို တဆက် တည်းမှာဘဲ တခြား နိုင်ငံတွေထက်စာရင် အီစတာပွဲတော်ကို တစ်ပါတ်နောက်ကျ ပြီးမှ ကျင်းပခွင့်ရတဲ့ ရုရှားနိုင်ငံသားတွေရဲ့ နောက်ကျမှုခံစားရတဲ့ အခွင့်အရေးနဲ့ တစ်ထပ်တည်းတူတဲ့ တမန်တော် သောမ ရဲ့အသက်တာကို ဆင်ခြင်မိသွားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တမန်တော် သောမ ဟာ အခြားတမန်တော်တွေ ထက် တစ်ပါတ်နောက်ကျပြီးမှ အီစတာပွဲတော် ( ယေရှုခရစ်တော် ရှင်ပြန် ထမြောက် ခြင်း ) ကို ကြုံတွေ့သွားခဲ့ရတဲ့သူ ဖြစ်လို့ပါဘဲ။

ယေရှုခရစ်တော် ရှင်ပြန်ထမြောက်သွားတဲ့နေ့ ( အီစတာနေ့ ) ညနေ ပိုင်းမှာ တမန်တော်သောမ ဟာ အခြားသော တမန်တော်တွေနဲ့ အတူ ရှိမနေပါဘူး။ တမန်တော်တွေဟာ သူတို့ရဲ့ ရန်သူတွေကိုကြောက်လို့ အခန်းထဲမှာ သော့ခတ်ပြီး နေတဲ့အချိန်မှာ ယေရှုခရစ်တော် အခန်းထဲရောက်လာတဲ့ မြင်ကွင်း ကို သောမ တွေ့မသွားခဲ့ရပါဘူး။ ရှင်ပြန်ထမြောက်တဲ့ ယေရှုနဲ့ တမန်တော်တွေ ပြောသွားတဲ့ စကားတွေကို သောမ မကြားခဲ့ရပါဘူး။ ယေရှု ပေးသွားတဲ့ ကောင်းချီးမင်္ဂလာကို သောမ "အာမင်" မခေါ်လိုက်ခဲ့ရပါဘူး။ ဘာဖြစ်လို့ တမန်တော် သောမ က ဒီအခွင့်အရေးတွေကို လက်လွှတ်ဆုံးရှုံးသွားခဲ့ရတာလဲ။ အကြောင်းရင်းကတော့ သောမ ဟာစည်းဝေးခန်းထဲကို နောက်ကျမှ (တစ်ပါတ်ကြာမှ) ရောက်လာလို့ဘဲ ဖြစ်ပါတယ်။ ဒီ အကြောင်းအရာတွေကို ယောဟန် ၂၀း၂၄–၂၉ မှာတွေ့နိုင်ပါ တယ်။

အခြားသော တပည့်တော်တွေက သောမ ကို ယေရှု ရှင်ပြန်ထမြောက် သွားပြီလို့ ပြောတာကို သောမ ကလုံးဝ အယုံအကြည် မရှိခဲ့ပါဘူး။ နံဘေးတော် က လှံချက်ရာကို လက်နဲ့ မစမ်းမသပ်ရရင်၊ လက်ဖဝါးက သံချက်ရာကို မျက်စိနဲ့ ကိုယ်တိုင်ကိုယ်ကျ မမြင်ရရင် လုံးဝမယုံနိုင်ဘူးလို့ အကြောက်အကန် ငြင်းခဲ့ပါ တယ်။ သမ္မာကျမ်းစာက အဲဒီနေ့ညနေမှာ နောက်ပိုင်းဘာတွေ ဆက်ဖြစ်သလဲလို့ အသေးစိတ် မဖော်ပြခဲ့ပါဘူး။

ဒါပေမဲ့ ကျွန်တော့်ရဲ့ ခန့်မှန်းချက်အရ နောက် တစ်နေ့ ( တနင်္လာနေ့ ) မှာ တမန်တော်တွေဟာ ရှင်ပြန်ထမြောက်သွားတဲ့ ယေရှု အတွက် ဝမ်းမြောက် ဝမ်းသာနဲ့ ဂုဏ်တော်တွေကို ချီးမွမ်းနေကြလိမ့်မယ်။ ပျော်ရွှင်နေကြမယ် ဆိုတာ သေချာပါတယ်။ အဲဒီ အထဲမှာ သောမ ပါဝင်နေပေမဲ့ သူဟာ အခန်းထောင့် ချောင်ကျကျနေရာ တစ်နေရာရာမှာ ထိုင်ရင်း သူများတွေ ပျော်သလို မပျော်နိုင်ဘဲ ခပ်ကြောင်ကြောင် အူတူတူ အမူအယာမျိုးနဲ့ စိတ်ရှုပ်ထွေးပြီး ထိုင်နေပါလိမ့်မယ်။ ဒီလိုနဲ့ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေ တစ်နေ့ပြီးတစ်နေ့ ဖြတ်ကျော်လာလိုက်တာ ယေရှု ရှင်ပြန်ထမြောက်ခဲ့တဲ့ တနင်္ဂနွေနေ့ကို ရောက် လာခဲ့ပြန်ပါတယ်။

ယေရှု သေရာက ပြန်ရှင်လာပြီးတဲ့ နောက်တစ်ပါတ်သကြာ တနင်္ဂနွေ နေ့မှာ သောမ အပါအဝင် တပည့်တော်တွေ အားလုံးဟာ ခန်းမထဲမှာ ရှိနေခဲ့ပါ တယ်။ အဲဒီ အခန်းထဲကို ယေရှု ရောက်လာခဲ့ပြီး သံသယဖြစ်နေတဲ့ သောမ ကို ကိုယ်ထင်ရှားပြခဲ့ပြီး "ယုံမှားခြင်း မရှိနှင့်၊ ယုံလော့" လို့ပြောခဲ့ပါတယ်။ အဲဒီ အခါမှ သောမ က "အကျွန်ုပ်၏ သခင်၊ အကျွန်ုပ်၏ ဘုရား" ပါလို့ တခဲ့တခြနဲ့ ဝန်ခံ ယုံကြည်သွားခဲ့ပါတယ်။

ဒါပေမဲ့ အီစတာပွဲတော် ( ရှင်ပြန်ထမြောက်ခြင်း ) ဟာ သောမ အတွက် တစ်ပါတ် နောက်ကျပြီးမှ ရောက်လာခဲ့ပါတယ်။ ယေရှုက သောမ ကို "သင် ဟာ ငါ့ကို မြင်မှယုံတဲ့သူဖြစ်တယ်။ ငါ့ကို မမြင်ဘဲ ယုံတဲ့သူတွေဟာ ပိုပြီး မင်္ဂလာရှိ တယ်" လို့ပြောခဲ့ပါတယ်။ "ယေရှု သခင်ကို ကျွန်မ မြင်ရပြီ" လို့ အီစတာနေ့ မနက်စောစောမှာ မာဂဒလမာရိက ပြောခဲ့ပါတယ်။ "ငါတို့တွေ သခင်ယေရှုကို တွေ့မြင်ခဲ့ကြပြီ " လို့ အီစတာနေ့ ညပိုင်းမှာ တမန်တော်တွေက ပြောခဲ့ကြ တယ်။ တမန်တော်ကြီး ရှင်ပေါလုရဲ့ မှတ်တမ်းထဲမှာ ယေရှုရှင်ပြန် ထမြောက်တာ ကို လူပေါင်း ငါးရာ ထက်မက မြင်ခဲ့ကြရတယ် လို့ပြောခဲ့ပါတယ်။

ယေရှု က "ငါ့ကို မမြင်ဘဲ ယုံတဲ့သူတွေဟာ ပိုပြီး မင်္ဂလာရှိတယ်" လို့ ပြောတဲ့စကားဟာ ဘယ်သူတွေကို ရည်ညွှန်းပြီးပြောတယ်လို့ ထင်ပါသလဲ။ ဒီလူ တွေဟာ တခြားသူတွေမဟုတ်ပါဘူး။ အခုချိန်မှာ ယေရှု ခရစ်တော်ကို မျက်ဝါးထင်

မင်း၊ အောင် သက် လွင် စီ စဉ် ထုတ် ဝေ သည်

ထင်မမြင်ရဘဲ နလုံးသားထဲက နှိပ်ညာဦဘုရားကို ကိုးကွယ်နေတဲ့ ယုံကြည်သူ စာဖတ်သူ မိတ်ဆွေနဲ့ ကျွန်တော်ဘဲဖြစ်ပါတယ်။ ကျွန်တော်တို့ကို သခင်ယေရှုက ကောင်းချီး မင်္ဂလာပေးချင်နေပါတယ်။

ဒီနေ့ ကျွန်တော်တို့ပါတ်ဝန်းကျင်မှာ သောမ လိုလူတွေ အများကြီးပါ။ အသင်းတော်တွေထဲမှာ ယေရှုရဲ့ ရှင်ပြန်ထမြောက်ခြင်းကို ယုံကြည်တဲ့သူတွေက တက်တက်ကြွကြွ မြူးမြူးကြွကြွ သီဆိုချီးမွမ်း ဆောင်ရွက် လှုပ်ရှားနေချိန်မှာ ကိုသောမ၊ မသောမ တွေကတော့ ချောင်တစ်နေရာ၊ ထောင့်တစ်နေရာမှာ သူများ တွေလို မပျော်နိုင်ကြပါဘူး။ တစ်ချို့ သောမ တွေဟာ အဲဒီချောင်ထဲမှာ အကြာကြီး ထိုင်နေတုံးပါဘဲ။ တမာန်တော် သောမက တစ်ပါတ်ကြာမှ အီစတာပွဲ ကိုတွေ့ရ တာပါ။ တစ်ချို့လူတွေက တစ်နှစ်၊ ဆယ်နှစ်၊ အနှစ်နှစ်ဆယ်၊ လောက် နောက်ကျ ပြီးမှ အီစတာပွဲကို တွေ့မြင်ကျင်းပခဲ့ရတာပါ။

အထက်က ဖော်ပြခဲ့တဲ့ အကြောင်းအရာတွေကတော့ မူရင်း စာရေး ဆရာ ဂျယ်နရယ် ဂျွန်လာဆန် ရဲ့ အာဘော်တွေဘဲဖြစ်ပါတယ်။ နောက်ဆုံး အနေနဲ့ ကျွန်တော့် ( ဘာသာပြန်သူ ) ရဲ့ အတွေ့အကြုံလေးကို ရေးပြချင်ပါ တယ်။ ၁၉၉၂ ပါတ်ဝန်းကျင်လောက်က ရှမ်းပြည်တောင်ပိုင်း ဘက်ကို ကျွန်တော် နွေရာသီ ဓမ္မဝေလီထွက်တုံးက တောင်ပေါ်မြို့လေးတစ်မြို့ကို ရောက်သွားခဲ့ပါ တယ်။ အဲဒီမြို့လေးမှာ ဘုရားရှင်ရဲ့ သာသနာလုပ်ငန်းမှာ တတပ်တအား ပါဝင် ဆက်ကပ်တဲ့ လင်မယားရှိပါတယ်။ သူတို့က အသက်၁၈ နှစ်သားကတည်းက ခရစ်တော်ကို ယုံကြည်လက်ခံပြီး ဓမ္မဝေလီ ထွက်နေတဲ့ ကျွန်တော့်ကို အသက် ငယ်ငယ်လေး ကတည်းက ခရစ်တော်ကို လက်ခံတဲ့သူ ဖြစ်လို့ အားကျနေကြ တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က အသက် ၃၀ကျော်မှ ခရစ်တော်ကို ယုံကြည်ခဲ့တာမို့ ကျွန်တော့်ထက်စာရင် သိပ်နောက်ကျနေလို့ပါတဲ့။ ဒါပေမဲ့ ကျွန်တော်တို့နဲ့ အတူတူ ဓမ္မဝေလီထွက်တဲ့ အဖွဲ့ထဲမှာပါလာတဲ့ ဆရာမ တစ်ယောက်က အသက် ၇နှစ်သမီး ကတည်းက ခရစ်တော်ကို ယုံကြည်ခဲ့တာမို့ ကျွန်တော်တို့ အားလုံးထက် အီစတာပွဲတော် ( ယေရှုခရစ်တော်ရဲ့ ရှင်ပြန်ထ မြောက်ခြင်းတန်ခိုး နဲ့ ကယ်တင်ခြင်းစိတ်ချမှု ) ကို စောပြီး ကျင်းပခွင့်ရတဲ့သူ ဖြစ် နေပါတယ်။

သူ့ထက်စာရင် ကျွန်တော်တို့အားလုံးဟာ အီစတာပွဲတော် ကို နောက်ကျမှ သိရှိကျင်းပခွင့် ရခဲ့ကြတာဖြစ်ပါတယ်။ မိတ်ဆွေ သင်လဲ တမာန် တော် သောမ လို အီစတာပွဲကို နောက်ကျမှ ကျင်းပတဲ့သူဖြစ်နေသလား။ သင့် အတွက် အီစတာပွဲတော်ဟာ နောက်ကျတဲ့ အီစတာ ဖြစ်နေပြီလား။ ။

( စာကြွင်း ။ ။ ၂၀၀၃ ခုနှစ်ရဲ့ အီစတာပွဲတော်ဟာ ဧပြီလ အတွင်းမှာ ကျင်းပပြီးစီး သွားခဲ့ပါပြီ။ ဒါပေမဲ့ နောက်ကျတတ်တဲ့သူတွေ သိစေဖို့ "နောက်ကျ သော အီစတာပွဲတော် " ဆိုတဲ့ ဒီဆောင်းပါးကို တမင်သက်သက် နောက်ကျခံပြီး ရေးသား ဖော်ပြလိုက်တာဖြစ်ပါတယ်။

* ( နောက်မကျ ပါစေနဲ့ )

**မင်းအောင်သက်လွင်**

**( WAR CRY April 2003** မှ **General John Larsson** ရေးသားသော **A Late Easter** အား ဆီလျော်အောင် မြန်မာဘာသာ ပြန်ဆို ပါသည်။ **)**

oooooooooooooooooooooooooooooooooooooooooooo




ဒါဟာ ဘာစကားလုံးလဲ။ အဓိပ္ပါယ်က ဘာလဲ။ ခင်ဗျား မြန်မာစကား တတ်ရင်တော့ သိမှာပေါ့။ ကျွန်တော်လည်း သိတယ်ဗျ။ "ခန္တီ သည်းခံခြင်း"တဲ့။ ပြောရတာတော့ လွယ်တယ်ဗျ။ ကျွန်တော်လည်း အရင်က ဒီစာလုံး ခေါင်းထဲသိပ် မထည့်ပါဘူးဗျာ။ ခရစ်ယာန်တစ်ယောက် ဖြစ်လာတော့ ဒီစာလုံးခေါင်းထဲ မထည့်လို့ မရတော့ဘူးဗျ။ ကျွန်တော်ယုံကြည်ကိုးကွယ်တဲ့ သခင်ယေရှုက 'သည်းခံ' လို့ပြောတယ်ဗျာ။ ကျွန်တော် နားမထောင်လို့ ဖြစ်မလားဗျ။ ဒါနဲ့ ကျွန်တော် စပြီး သည်းခံနည်းတွေ လေ့ကျင့် တော့တာပေါ့ဗျာ။

* ရပ်ပိုင်းဆိုင်ရာ လာပြီး ထိခိုက်နေကြပြီ။ ပြန်တီးချင်တာပေါ့၊ ဒါပေမဲ့ ထိန်းထားလိုက်တယ်။ တနည်းအားဖြင့်တော့ သည်းခံလိုက်တယ်ပေါ့ဗျာ၊ စိတ်ထဲ မှာတော့ မရဘူး။ အသေ ပြန်သတ်ပြီး သွားပြီ၊

* စိတ်ပိုင်းဆိုင်ရာတွေ လာပြီး အနှောက်အယှက် ပေးကြတယ်ဗျာ၊ အော်ပစ်လိုက်ချင်တယ်၊ ခင်ဗျား စဉ်းစားကြည့်ဗျာ၊ **HDB Flat** ဗျ၊ အော်ဖို့ မပြောနဲ့၊ သာမန်စကားပြောရင်တောင် ဘယ်နဲ့ညာ တိုက်ခန်းတွေက ကြားနေရ တာ၊ စကားလုံးတွေကို တံတွေးနဲ့အတူ မျိုချပစ်လိုက်တယ်၊ ရင်ထဲမှာတော့ ကမ္ဘာ ကြီး ပေါက်ကွဲသွားတဲ့အထိ အော်ဟစ်ပြီးသွားပြီပေါ့၊

* စိတ်ဓါတ်ရေးရာ ကိုလာတိုက်ခိုက်ပြန်တယ်ဗျာ။ သည်းခံ၊ သည်းခံ တဲ့၊ ပုံတင်ထပ်တဲ့ အသံတွေဝင်လာပြန်တော့ လက်စားချေချင်တဲ့ အတွေးတွေကို လုံးချေပြီး အမှိုက်ပုံးထဲ မကဘူး၊ တခါထဲ နောက်ပေါက် အမှိုက်စုရပ် နေရာထဲ တန်းထည့်ပစ်လိုက်တယ်။ ရင်ထဲမှာတော့ ဗလောင်ဆူနေတာပေါ့၊ ကျွန်တော့်ရဲ့ နောက်ဆုံးလက်နက် ထုတ်သုံးမှ ရတော့မယ်ဗျာ။ စိတ်တော့ မကောင်းပါဘူး။ ကျွန်တော် ကိုယ်ခန္ဓာပိုင်း သည်းခံခြင်း အောင်မြင်ပါရဲ့။ လူမလှုပ်၊ ပါးစပ် မလှုပ် ပေမယ့် ရင်ထဲမှာ လှုပ်ရှားနေတာတွေ ဘယ်သူမှ မမြင်တောင် ကျွန်တော့်ကို ကျွန်တော် ရှင်းရှင်းကြီး မြင်နေရတယ်လေ။

ဒါကြောင့် ရင်ထဲမှာပါ သည်းခံ တတ်သွားအောင် နောက်ဆုံးလက်နက် ဖြစ်တဲ့ 'ဒီလူ လောကကြီးမှာ မရှိတော့ဘူး' ဆိုတဲ့ သတ်မှတ်နည်းကို ထုတ်သုံး လိုက်တော့တယ်ဗျာ၊ အမှန် တကယ်တော့ ကျွန်တော် သုံးတဲ့နည်း ကိုသာ သခင်ယေရှု သိသွားရင် ဘယ်လို ဥပမာနဲ့ ဆုံးမနေဦးမလဲ မသိဘူး။ ယေရှုက လူလူချင်း ညီအကိုရင်း ချစ်စေချင်တာကိုးဗျ၊ ကျွန်တော်ကတော့ အဲဒီလူ လောက ကြီးမှာ ရှိတောင် မရှိတော့ဘူးလို့ ဥပေက္ခာ ပြုမေ့ထားလိုက်တော့ လွဲနေ ပြန်ရော။ ဒါပေမဲ့ဗျာ ... ကျွန်တော်ရဲ့ စံနိုင်ရွှမ်းတွေထက် အတိုင်းအတာ ကျော်လွန် သွားရင်တော့ သေသူတုန်း ဓာတ်ဖြုတ် ဒီနည်းလေး သုံးခွင့်ပြုကြပါ ဗျာ။

လူတစ်ချို့ကလည်း ပြောတယ် ၊ 'သည်းခံ သည်းခံ' တဲ့၊
အများကလည်း ပြောတယ် ၊ 'သည်းခံ သည်းခံ' တဲ့၊
သင်းအုပ်ဆရာကလည်း ပြောတယ် 'သည်းခံ သည်းခံ' တဲ့။
နောက်ဆုံး မစံမရပ်နိုင်တဲ့ အခြေအနေတွေတိုင်း ကျွန်တော့်ပါးစပ်က ထွက်ထွက် လာတတ်တဲ့ စကားနှစ်လုံးဟာလည်း 'သည်းခံ သည်းခံ' တဲ့ဗျာ၊

ကဲ မိတ်ဆွေ ... အထက်က သည်းခံနည်းတွေကတော့ ကျွန်တော် ကျင့်ခဲ့တဲ့ သည်းခံနည်းတွေပဲ။ ကျွန်တော့်ရဲ့ ပုံမကျ ပန်းမကျ သည်းခံနည်းတွေ ကို တွေ့သွားတဲ့ သခင်ယေရှုက ပုံဥပမာတွေတောင် မပြတော့ပဲ တိုက်ရိုက် သမ္မာကျမ်း စကားနဲ့ ဆုံးမသွားပါတယ်။ အခုမှပဲ ကျွန်တော်လည်း နည်းမှန်၊ လမ်းမှန် ရှာတွေ့တော့တယ်၊ ခင်ဗျားလည်း အကျိုး ဖြစ်ထွန်းရအောင် ကျွန်တော် ဝေမျှချင်ပါတယ်၊

**ဧဖက် ၄း၂**

**စရာရာ၌ စိတ်နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်းနှင့် ပြည့်စုံသဖြင့်၊ မေတ္တာစိတ်နှင့် တစ်ယောက်ကိုတစ်ယောက် သည်းခံခြင်းရှိကြ၍ ... ။**

**ကောလောသဲ ၃း၁၃**

**တစ်ယောက်၌ တစ်ယောက် အပြစ်တင်စရာ အကြောင်းရှိလျှင်၊ အချင်းချင်းသည်းခံ၍ အပြစ်ကို လွှတ်ကြလော့။ ခရစ်တော်သည် သင်တို့၏အပြစ်ကို လွှတ်တော်မူသကဲ့သို့ ထိုနည်းတူပြု ကြလော့။** **[ သားကြီး ]**

# ရင်ခွင်ပေါ်က အကျင့်နှင့် ယှဉ်ကြည့်ခြင်း

ဝင်ရိုးတန်းတစ်ခုပေါ်က ၊ အစွန်းနှစ်ဘက်ဟာ
ကိုယ်သန့်ရာ အလေးတွေနဲ့ ...
အားပြိုင်လို့ကောင်းတုန်း ။

တစ်ခြမ်းက
ဖြူဖွေးသန့်စင် စာမျက်နှာတွေနဲ့
လှပသေသပ် စာအုပ်တစ်အုပ်
အတွင်းမှာတော့ ... သုတ ၊ ရသ ၊ အဘိဓမ္မာစကား
အသိ အလိမ္မာတရား ၊ သက်စမ်းရေ ၊ ဝိညာဉ်သီးပွင့်
ဝလာနတ္ထိ ... နတ္ထိ ...
ကျိုးအာသီး တစ်လုံးလိုပ ။

ကျန် တစ်ဘက်က
စူးရှ သင်းပျံ့ ၊ ထူးကဲတဲ့ ရနံ့ ၊ ရသ ထူးတွေနဲ့
ဆူးတွေ ဖြံရံတဲ့ ဒူးရင်းသစ်တစ်လုံး
" သာမည တွေကို ဇာချဲ့ပြီး ၊ လေစုတ်ကာ မခေ့ကြပါနဲ့
အဓိက ကို မြင်တတ်အောင်
ကြည့်ကြစမ်းပါဗျ" လို့ ၊
သူကတဲ့ အော်နေသေး ၊
အရွံ့ မရှာပဲ ၊ အနှစ် ကလော်စားမဲ့
ဘိုဟီမီယံ ( BOHIMIAN ) ပါဒီတစ်ဦး ။

ရှုပွက်တဲ့ နှလုံးသားတွေနဲ့
နေ့တိုင်းတော့ ရေသောက်နေကြတယ် ။
ဒါပေမဲ့ ... သူတို့နှစ်ဦးဟာ
ခန္ဓာ ဝိညာဉ် နှစ်ဖြာ ကျန်းမာရေးအတွက်
လက်ထဲက ခွက် နဲ့ ရေကို
သန့်စင်ဖို့ မေ့ နေကြတဲ့
" အယ်ဇိုင်းမား " ဝေဒနာရှင် တွေသဲလေ ။။

**ဝင်းမြင့်ဦး** (၃-၃-၂၀၀၃ )

** "အယ်ဇိုင်းမား" (Alzheimer) = ဦးနှောက် မှတ်ဉာဏ် တစတစ ချို့ယွင်းပြီး မေ့လျော့တတ်သည့် ရောဂါတစ်မျိုး ။

## ချစ်တယ်မေမေ

ငိုကြွေးနေတယ် ၊ မေမေ့ ရင်သွေး
ဂလိုဇား ဆိုတဲ့ ၊ အကြင်နာမဲ့တဲ့ ၊ အတ္တမာန်နဲ့
မရိုမသေ နာကျင်မှုကြောင့် ၊ ဟစ်သံအော်သံ
ငရဲနန်းမှ ၊ လူတွေအကြား ၊ ပြေးရာလွတ်လမ်း
ရှာဖွေမတွေ့ ၊ ထွက်သက် ပြင်းပြင်း ၊ နေ မဝင်ခင်မှာ
နောက်ဆုံးခွင့်ပန် ၊ ဆုမွန်စကား ၊ ပြောခွင့်ရှိရင်
"ချစ်တယ် မေမေ" ပြောခဲ့ချင်တယ် ။

ခံစားနေတယ် ၊ မေမေ့ ရင်သွေး
ကူးစက်လွယ်တဲ့ ၊ S A R S ရောဂါဆိုးကြောင့်
ရှိုကြောက်ထိတ်လန့် ၊ သွေးပျက် သက်ပျောက် ၊ ညည်းသံတွားသံ
ပြည်ငရဲမှ ၊ လူတွေအကြား ၊ ဘယ်သို့ ဆီသို့
ရှောင်ပြေးနိုင်ပါ့ ၊ ကြွေလုနီးနီး ၊ နေ မဝင်ခင်မှာ
နောက်ဆုံး ဆုတောင်း ၊ နှုတ်ဆက်စကား ၊ ပြောခွင့်ရှိရင်
"ချစ်တယ် မေမေ" ပြောခဲ့ချင်တယ် ။

ကြေကွဲနေတယ် ၊ မေမေ့ ရင်သွေး
မွေးကင်းစမှ ၊ လူလားမြောက်အောင် ၊ ပျိုးထောင်ပြုစု
နောင်ဖွဲ့မေတ္တာ ၊ ဆပ်မကုန်နိုင် ၊ မွေးမေမေကို
စွန့်ထွက်ခွာခဲ့ ၊ စိတ်စေရာသို့ ၊ လိုက်ပါလွင့်မျော
ဒုက္ခကြုံမှ ၊ ကယ်မှုပါတဲ့ ၊ မွေးမေမေရယ်
မှားခဲ့သမျှ ၊ တိုးလျှိုးတောင်းပန် ၊ ပြောခွင့်ပြုရင်
"ချစ်တယ် မေမေ" ပြောခဲ့ချင်တယ်။ ။

**နော်အေမီထွန်း**
( မိခင်များနေ့မှာ မိခင်များ အားလုံးကို ဘုရားသခင် ကောင်းချီးပေးပါစေ )

ဇာပုဝါကို ကွဲအောင် ခွဲဖို့ ၊
အားမာန်ပြင်တဲ့ ကျွဲရိုင်း
လက်ခုပ်သံကြောင့် မာန်ကိုဇီ
တစ်ခါတစ်ခါ ...
ရောယောင်ပြီး လိုက် က မိတယ် ။

ပိန်းရွက်ကို ရေတိုက်သလို
ခေါင်းခါကာ အန်ထုတ်နေလေရဲ့ ၊
အမှန်ပါ ... ကမ္ဘာကို ရေလွှမ်းမိုးမယ် ပြောတော့
'နောဧ' က ဖြိမ်းခြောက်သယောင် ၊
ဖက်ပါဘိ ။
ဖြစ်လာမှ မှန်မယ်ဆို ...
နောက်ပြန်ရစ် မလှတ် ရှိကောင်းပါရဲ့ ။

တစ်ဦးကို တစ်ဦး ချစ်ကြပါဆိုတော့
ကလေးလေးက စာရွက်ကို
အခါခါ လုံးချေကာရေး ၊
ကုတ်ကောက်ကလည်း 'တောက်' ကို
အခါခါ ခေါက် ၊ ယုံတမ်းစကား
အခြောက်ခံ လှန်းထားကာမှ
တစ်ခါ တစ်ခါ ...
ကော်ဖီဆိုင် အပြန်မှာ ကျကျန်ခဲ့တယ် ။

ဘာဘဲဖြစ်ဖြစ် ...
ဒီအချိန်မှာ မိုးရွာရင်ကောင်းမယ် ။
နှစ်သစ် ကျော်လို့
နှစ်ဟောင်းကိုတောင် ပြန်ရောက်တော့မယ် ။
ကိုယ့်ဟာ မဟုတ်တာကို ၊ ပြန်ပေးရတော့မှာပေါ့။
မနေ့က လူဆို ရယ်စရာ ။
ကိုယ်တော်က " ငါ၌ တည်သောသူသည်
အသစ် ပြုပြင်သော အရာ ဖြစ်ရလိမ့်မည် " တဲ့ ။

**မှူးဒါး**

သင်စကား ၄-၂၁

# ကျွန်မရဲ့အမေ



ကုန်ငိုင်း မရတဲ့ မေတ္တာ၊ မပြောင်းလဲတဲ့ မေတ္တာနဲ့ သားသမီးတွေကို ချစ်တဲ့ အမေ ။ " ပုခက်လွှဲသော လက်သည် ကမ္ဘာကို စိုးမိုးနိုင်၏ "

" ဘုရားသခင်သည် မိမိကိုယ်စား သားသမီးများအား ပြုစုစောင့်ရှောက်ရန် မိခင်များကို ဖန်ဆင်းထားသည်။"

ဒီစကားပုံတွေကို လူတိုင်းကြားဖူးမှာပါ။ ဒီစကားပုံတွေ မမှန်ပါဘူးလို့ ငြင်းဆိုတဲ့သူ ရှိပါသလား။ ကျွန်မကတော့ ဒီစကားပုံတွေမှန်တယ်လို့ ၁၀၀ ရာခိုင်နှုန်း အပြည့်အဝ ထောက်ခံပါတယ်။ အမေဟာ ကဗျာမဆန်ပါဘူး။ ဒါပေမဲ့ အကြင်နာနှလုံးသား အပြည့်ရှိပါတယ်။ အမေ့ရဲ့ ဆုတောင်းသံဟာ တစ်ကမ္ဘာလုံးကို လွှမ်းခြုံစေပါတယ်။ အမေ ဟာ ပုခုံးလက်နှစ်သစ် ဖဝါးလက်နှလုံး အရွယ်ကတည်းက ကျွန်မကို ပြုစုစောင့်ရှောက်ခဲ့တာ ဒီနေ့ထိအောင်ပါဘဲ။ နို့ချိုတိုက်ကျွေးပြီး အသွေးအသားပေးခဲ့တဲ့ အမေ။ သားသမီးတွေအတွက် ရဲရဲ ရပ်တည်ရဲတဲ့အမေ။ အမေဟာ ဘဝအတွက် အားပေးဖော်ပါ။

ဒီနေ့ စင်ကာပူမှာ SARS ( ကူးစက်မြန် ပြင်းထန် အဆုတ်ရောင် ရောဂါ ) ကြောင့်လူတွေ စိတ်ပူပန်၊ သောက ရောက်နေကြရတယ်။ မကြောက်တဲ့သူ မရှိဘူး။ ဘယ်သူမှ ဒီရောဂါဆိုးကြီးကို မဖြစ်ချင်ကြဘူး။ ဒါပေမဲ့ ဒီနေ့ ကျွန်မ ခံစားလိုက်ရတဲ့ ဖျားနာဝေဒနာဟာ SARS လို့ လူတွေ ထင်ယောင်ထင်မှား ဖြစ်စေခဲ့တယ်။ ဖုန်းတွေနဲ့ ဆက်မေးကြတယ်။ ဆေးရုံတက် နေလားတဲ့။ တကယ်တော့ ကျွန်မ ဘယ်ဆေးရုံမှလဲ မတက်ဘူး။ ဘာမှလဲ မဖြစ်ပါဘူး။ ဒါပေမဲ့ လူတွေက ကျွန်မကို ကြောက်နေကြတယ်။ ကျွန်မ ကိုတွေ့ရင် ရောဂါကူးမှာစိုးလို့ မသိမသာနဲ့ နှာခေါင်းလေးတွေ ပိတ်သွားကြတယ်။ ကျွန်မ စိတ်ဓါတ်ကျသွားတယ်။ တစ်နေ့မှာ ကျွန်မ Abdominal pain shock ရပြီး သတိလစ်သွားတယ်။ ကျွန်မရဲ့ Nursing Director ကအစ 995 (ဆေးရုံကား) ခေါ်ဖို့နဲ့ ဆေးရုံတင်ဖို့ လုပ်နေပြီ။ ကျွန်မ အသက်ရှုလို့ မဝဘူး။ work permit card ရှာမတွေ့လို့ ကျွန်မ ဆေးရုံမတက်လိုက်ရဘူး။ ဘုရားရှင်ရဲ့ အသွေးတော်က ကျွန်မကို ကွယ်ကာထားပါတယ်၊ သတိရလာတော့ ကျွန်မ ချက်ခြင်း ရှင်းပြတယ်။ ဒါပေမဲ့ မယုံကြသေးဘူး။ အဆုတ်ရောဂါ (TB) အတွက် စစ်ဆေးမယ်တဲ့။ ဖြစ်ချင်ရာ ဖြစ်တော့။ ကျွန်မ စိတ်ဓါတ်က ကုန်းကောက်လို့ မရအောင် အောက်ဆုံးကို ကျသွားပြီ။ တီဘီ pretest လုပ်တော့လဲ သံသယ ဖြစ်စရာ ရောဂါလက္ခဏာကို တွေ့ရတာမို့ TTSH ကူးစက်ရောဂါ ဌာန မှာပြရမယ်လို့ ပြောပါတယ်။

ကျွန်မ အမေ့ဆီကို ဖုန်းဆက်တယ်။ ဖုန်းထဲကနေ အမေ့ရဲ့ "ဟဲလို" လို့ပြန်ထူးလိုက်တဲ့ အသံဟာ ကမ္ဘာပေါ်မှာ အချိုမြိန်ဆုံးဘဲလို့ ခံစားလိုက်ရတယ်။ အမေ့ကို ကျွန်မ ခံစားနေရတဲ့ ဒုက္ခအခက်အခဲတွေ ပြောပြတော့ အမေ့ရဲ့ အသံဟာ ဘာမထီ အာဇာနည် ဆိုတဲ့ အသံနဲ့ " သမီး ဘာဖြစ်နေလဲ၊ ဘာတွေ ခံစားနေရလဲ၊ အားမငယ်နဲ့ အမေရှိတယ်"တဲ့။ ရိုးစင်းတဲ့ စကားနဲ့ အားပေးတဲ့ အမေ့ရဲ့ အသံ၊ " တီဘီ အဆုတ်ရောဂါဆိုတာ ဖြစ်ရင်လဲ ကုရင်ပျောက်တယ်။ စိတ်မပူနဲ့ သမီး။ ဒီရောဂါကြောင့် အလုပ်က ပြန်ခိုင်းရင်လဲ၊ ချက်ခြင်းပြန်လာခဲ့။ အမေတို့က သမီးကို ပြန်လာခိုင်းနေတာ ကြာလှပြီ "တဲ့။ ကြည့်စမ်း ... ကျန်းမာ ရေးချို့တဲ့၊ ဒုက္ခရောက်နေတဲ့ သမီးကို အားပေးစကားပြောတဲ့ အမေ့ရဲ့ အသံက ကျွန်မ အတွက် အားဆေးတစ်ခွက်ပါ။ အကြင်နာအပြည့်နဲ့ လက်ကမ်းကြိုမဲ့ ကရုဏာရှင် အမေပါ။ ဒါကို ကျွန်မ ဘာနဲ့ တန်ဖိုးဖြတ်ရမလဲ။ တန်ဖိုးဖြတ်တတ်တဲ့ သူများရှိရင် တန်ဖိုးဖြတ်ပေးကြပါလို့ ကျွန်မပြောပါရစေ။

ကျွန်မ ဖုန်းဆက်တဲ့နေ့က "သံလွင်ခက် တနင်္ဂနွေနေ့" ဖြစ်တဲ့အတွက် အမေက ဘုရားကျောင်းသွားမယ်။ သမီးအတွက် ဆုတောင်းပေးမယ်။ ဘုရားရှင် က သမီးကို အသွေးတော်နဲ့ ကာကွယ်ပေးထားတယ်။ သမီး စိတ်မပူနဲ့ နော်လို့ အားပေးခဲ့တယ်။ နောက်တစ်နေ့ တနင်္လာနေ့ ( ၁၄-၄-၀၃ ) မှာ ကျွန်မ TTSH ကိုသွားတယ်။ အဆုတ်ရောဂါကုဌာနမှာ ကျွန်မ ဆေးအစစ်ခံတယ်။ ဓါတ်မှန်ရိုက်တယ်။ အားလုံးပြီးတော့ ထုံးစံအတိုင်း ဆရာဝန်နဲ့ပြတယ်။ ဆရာဝန် က မေးတယ်၊ ဖင်းဘာလို့ လာဆေးစစ်ခံတာလဲ၊ ဘာမှလဲမတွေ့ဘူး။ ဓါတ်မှန်ထဲမှာ လဲ ဘာမှမပေါ်ဘူးလို့ပြောတယ်။ ကျွန်မလဲ ကျွန်မဖြစ်ပြီးခဲ့တဲ့ အခြေအနေတွေကို ရှင်းပြလိုက်တော့ ဆရာဝန်က Discharge ဆိုတဲ့ တံဆိပ်ကြီးကြီးတစ်ခု ကျွန်မရဲ့ Appointment card မှာထုပေးလိုက်တယ်။

ကျွန်မ လောက်ပျော်တဲ့သူ ကမ္ဘာပေါ်မှာ ရှိပါ့မလား။ မိခင်ရဲ့ ဆုတောင်းသံကို ဘုရားရှင်နားညောင်းတယ်၊ အမေ့ရဲ့ အားပေးသံနဲ့ ဆုတောင်း ခြင်းကြောင့် ကျွန်မရဲ့ ရောဂါဝေဒနာတွေအားလုံး ပျောက်ကင်းခွင့်ရခဲ့ပါတယ်၊ တကယ်ခံစားဖူးမှ သိမှာပါ ဆိုတဲ့အတိုင်း စာဖတ်သူရော ကျွန်မလို ခံစားနေပါသလား။ ဘုရားရှင်ထံ အပ်နှံလိုက်ပါ။ ဆုတောင်းခြင်းနဲ့ သတိရနေတဲ့ အမေ့ဆီမှာ ခွန်အားတောင်း ယူလိုက်ပါ။ ငြိမ်သက်ချမ်းသာ ကျန်းမာခြင်း ခံစားရပါလိမ့်မယ်။ နှစ်သိမ့်စကား တွေကြားရပါလိမ့်မယ်။ အမေဟာ စိတ်ကျန်းမာရေး ဘဝတက်လမ်းကို ကူညီဖို့ အများကြီး အထောက်အကူ ပေးနေပါတယ်။ လောကမှာရှိတဲ့ အမေပေါင်းများစွာ နဲ့အတူ ကျွန်မရဲ့ အမေဟာလဲ အာဇာနည်အမေပါ။ အမေ ထာဝရပျော်ရွှင်ပါစေ။ လောကကို အလှဆင်နေကြတဲ့ အမေများအားလုံးကို ဘုရားသခင် ကောင်းချီး ပေးပါစေ။

သီလနှင့် ပြည့်စုံသော မိန်းမကို အဘယ်သူတွေ့ရသနည်း။ ထိုသို့သော မိန်းမသည် ပတ္တမြားထက် အဖိုးသာ၍ ထိုက်ပေ၏။ ပညာစကားကို ပြောထော်၍ မေတ္တာတရားအားဖြင့် နှုတ်မြွက်တတ်၏။ အိမ်သူအိမ်သား ပြုမူသမျှတို့ကို ကြည့်ရှုတတ်၏။ ပျင်းရိခြင်းအစာကို မစားတတ်။ သူ၏ သားသမီးတို့သည် ထ၍ သူမကို ကောင်းချီး ပေးတတ်ကြ၏။ သုတ္တံ ဥ။ ၁၀၊ ၂၆-၂၈

မလေး(ဂျူလိုင်) * ( ကိုယ်တိုင်ဖြစ်ရပ်မှန် သက်သေခံချက် ) *
( မိ ခင် များ နေ့ ဗ အ မှတ် တ ရ )



